ကျားမြီးဆွဲကျေးရွာ

ခရုတုပ်ကျေးရွာအုပ်စု

မြစ်သားမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၇ – ၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကျားမြီးဆွဲကျေးရွာ၊ မြစ်သားမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	ကျားမြီးဆွဲကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ မြစ်သားမြို့နယ်	၅
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	၆
၂။	**ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ**	၆
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	၆
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	၆
	(က) သီးနှံ စိုက်ပျိုးရေး	၆
	(ခ) မွေးမြူရေးလုပ်ငန်း	၇
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ	၈
	(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၈
၅။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	၈
	(က) ကျေးလက်သယ်ယူပို့ဆောင်ရေး	၈
	(ခ) ကျေးရွာမီးလင်းရေး	၉
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၉
၆။	**ပညာရေး**	၉
၇။	**ကျန်းမာရေး ၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	၁၀
၈။	**ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး**	၁၁
၉။	**ကျား-မရေးရာ ကိစ္စရပ်များ**	၁၁
၁၀။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက် လုပ်ငန်းများ**	၁၂
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၄
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ	၁၅
	နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၆၆
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	၇၁
	နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂)	၇၄
	နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃)	၇၇

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၇/၁၈ ခုဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်း ပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်း ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးပါသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး နှင့် သက်ဆိုင်ရာ ဝန်ထမ်းများကို လည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံး လုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်း ပါဝင်ဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေး ရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်း များက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက်များ ရရှိနိုင်သော နေရာများမှလည်း ကောက်ယူ ရရှိခဲ့ပါသည်။ ထို့အပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း

တိုးတက်မှု ၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို မူဘောင်အတွင်း ပြုပြင် ပြောင်းလဲမှု များ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီး တို့၏ ဆက်လက်ဖွံ့ဖြိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ တည်ဆောက်မှု အခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

ဒီဇင်ဘာလ ၊ ၂၀၁၉

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကျားမြီးဆွဲကျေးရွာ

မြစ်သားမြို့နယ်

၁. မြစ်သားမြို့နယ်၊ ခရုတုပ်ကျေးရွာအုပ်စု၊ကျားမြီးဆွဲကျေးရွာ၏ သယံဇာတပြဓေပုံ

၁။ တည်နေရာနှင့် ပထဝီဝင်အနေအထား

ကျားမြီးဆွဲကျေးရွာသည် မန္တလေးတိုင်းဒေသကြီး ၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၏ ခရုတုပ်ကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ ကျေးရွာ၏အရှေ့ဘက်တွင် တောတွင်နှင့်ညောင်ပင်သာ ကျေးရွာများ၊ မြောက်ဘက်တွင် လက်ပံပင်ကျေးရွာ၊ အနောက်ဘက်တွင် ရဲကုန်းနှင့်အရေးမဆိုကျေးရွာများနှင့် တောင်ဘက်တွင် ကလုံကျေးရွာတို့ တည်ရှိပါသည်။ ကျေးရွာတွင် ဗမာလူမျိုးများသာ စုပေါင်းနေထိုင် ကြပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျားမြီးဆွဲကျေးရွာ၏ ရာသီဥတုမှာ အပူပိုင်းရာသီဥတုဖြစ်ပြီး ၊ နွေရာသီတွင် အပူချိန်ပြင်း လျှက် ရှိပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ (၃၅၀.၅)ဧက ရှိပါသည်။ အိမ်ခြံမြေများ တွင်လည်း ရာသီအလိုက် ဟင်းသီးဟင်းရွက်များကိုလည်း စိုက်ပျိုးကြပါသည်။ မြေဆီလွှာ အရည်အသွေးမှာ အသင့်အတင့်သာ ကောင်းမွန်ပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်းရှိ လူထုအခြေအပြု အဖွဲ့အစည်းများတွင် ဂေါပကအဖွဲ့တွင် (ကျား -၅ ဦး) ၊ လူထုမေတ္တာလူမှုကူညီရေးအဖွဲ့တွင် (ကျား - ၁၀ဦး + မ ၅ ဦး၊ ပေါင်း ၁၅ ဦး) ကျောင်းအကျိုးတော်ဆောင်ကော်မတီအဖွဲ့တွင် (ကျား - ၈ဦး) ၊ ဓမ္မစကြာအသင်းတွင် (မ - ၂၀ ဦး) စသည့် အဖွဲ့အစည်းများဖြင့် ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာသနာရေး၊ လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများတွင် စည်းရုံးလုပ်ဆောင်ကြပါသည်။

ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ စုစည်းညီညာစွာဖြင့် ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အားတက်သရော စုပေါင်းလုပ်ဆောင်နေကြပါသည်။ သို့သော်လည်း ကျားမြီးဆွဲ ကျေးရွာတွင် ကျေးရွာ ဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ မရှိပါ။

၄။ စိုက်ပျိုးရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ကျားမြီးဆွဲကျေးရွာတွင် ၂.၅ဧကေ မှာ ဆင်းရဲသားတောင်သူ (၂၀)အိမ်ထောင်စု၊ ၂.၅ ဧကမှ ၅ ဧကကြား တောင်သူငယ် (၁၃)အိမ်ထောင်စု ၊ ၅ဧကမှ ၁၂.၅ ဧကကြား တောင်သူလတ် (၉) အိမ်ထောင်စုနှင့် ၁၂.၅ဧကေ အထက် တောင်သူကြီး (၈) အိမ်ထောင်စု ရှိပါသည်။ အဓိအားဖြင့် စပါး ပဲတီစိမ်း၊ ငရုတ်၊ ဝါနှင့် ဥယျာဉ်ခြံသီးနှံများကို အဓိက စိုက်ပျိုးကြပါသည်။ မြေယာမဲ့ အိမ်ထောင်စုများသည် စုစုပေါင်း အိမ်ထောင်စုထက် ထက်ဝက်ခန့် ရှိပြီး အများစုသည် နေ့စား၊ ကျပန်းများနှင့် ပြည်တွင်း၊ ပြည်ပ သွားရောက်လုပ်ကိုင်နေကြပါသည်။ ကျေးရွာ၏ စိုက်ပျိုးရေမှာ ကင်းတားဆည်ရေမှ စိုက်ပျိုးရေ ရရှိစိုပျိုးကြပြီး ရာသီအလိုက် ရရှိခြင်းကြောင့် လုံလောက်မှု အသင့်အတင့် ရှိပါသည်။ စပါး အထွက်နှုန်းမှာ တစ်ဧကေ ပျမ်းမျှ တင်း(၆၀)သာ ထွက်ရှိပါသည်။ ကျေးရွာအတွင်းရှိ လယ်သမားများတွင် တစ်ဦးချင်းပိုင် ထွန်စက် (၁)စီး၊ လက်ထွန်းထွန်စက် (၁၃)စီး၊ ခြွေလှေ့စက် (၅)စီးနှင့် ရေစုပ်စက် (၁၀)လုံးတို့ ရှိပါသည်။ ကျေးရွာတွင် ထွန်စက်နှင့် ရိတ်သိမ်းချေလှေ့စက်များ ငှားရမ်းသုံးစွဲကြပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး ၊ အော်ဂဲနစ် မြေဩဇာနှင့် သွင်းအားစုများ ၊ ဓါတုပိုးသတ် ဆေး၊ ဓါတ်မြေဩဇာနှင့် အခြားဓါတုဗေဒ သွင်းအားစုများ ၊ သီနှံမျိုးစေ့များကိုလည်း ကျေးရွာနှင့် ၅မိုင်ခန့် ဝေးကွာသော ကူမဲမြို့နှင့် မြစ်သားမြို့များတွင်လည်း လွယ်ကူစွာ ဝယ်ယူရရှိ နိုင်ပါသည်။ သီးနှံစျေးကွက်နှင့် ဝန်ဆောင်မှုများတွင် ကုန်သည်ပွဲစားများမှတဆင့် ရောင်းချနိုင်ပါ သည်။

မိုးစပါးစိုက်ပျိုးရာတွင် စပါးဖျက်ပိုး ပိုးစိမ်းကိုက်၊ မှိုနှင့် ရွက်ဖျားခြောက် စသော ပိုးမွှားရောဂါများ အနည်းငယ် ကျရောက်ပါသည်။ ၎င်းအပြင် မိုးကြီးသည့်အခါများတွင် စပါးခင်းများအား ရေလွှမ်းမိုးသောကြောင့် လယ်ယာမြေ နံဘေးရှိ ချောင်း၊ မြောင်းများကို တူးဖော်မှု လုပ်ဆောင်လိုကြပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျားမြီးဆွဲကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု (၁၂) အိမ်ရှိပြီး၊ အကောင်ရေမှာ (၂၄) ကောင် ၊ နို့စားနွားမ မွေးမြူထားသည့် အိမ်ထောင်စု (၃၇)စုမှ (၉၅)ကောင် အိမ်ထောင်စု (၃)စုမှ ကျွဲ(၆) ကောင် စသည်ဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးကို လုပ်ကိုင်နေကြပါသည်။

မွေးမြူရေးနှင့် ပတ်သက်သည့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများ အနည်းငယ်သာရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ်ရှိသည့်အပြင် စီးပွားဖြစ် မွေးမြူးရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ အသိပညာများ အားနည်း ကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ကျားမြီးဆွဲကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သည့် လုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြု လုပ်ကိုင်နေကြသော မိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ မရရှိသဖြင့် အလုပ်နှင့် လိုက်လျောညီထွေဖြစ်သော အတတ်ပညာများ တတ်မြောက်မှု မရှိခြင်းတို့ကြောင့် အလုပ်အကိုင် အခွင့်အလမ်းနည်းပါးသဖြင့် အခြားဒေသနှင့် နိုင်ငံရပ်ခြား ဒေသတို့တွင် သွားရောက်လုပ်ကိုင်နေရခြင်းကြောင့် လုပ်သားအင်အား ရှားပါးပါသည်။ လယ်ယာ သားငါးထွက်ကုန် မဟုတ်သော အခြားဒေသထွက်ကုန်များကို ရောင်းချရန် စျေးကွက်ကောင်း မရှိခြင်းနှင့် စျေးကွက်ဆိုင်ရာ အသိအမြင်ရှိမှု အားနည်းပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာရှိ တောင်သူလယ်သားများသည် စိုက်ပျိုးစရိတ် ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ပုံစံ(၇)ဖြင့် တစ်ဧကလျှင် (၁.၅) သိန်းနှုန်းဖြင့် (၁၀) ဧကအထိ အလွယ်တကူ ချေးယူ၍ ရရှိနိုင်သော်လည်း ကိုယ်ပိုင်ရင်းနှီးငွေ နည်းပါးကြပါသည်။ မွေးမြူရေးလုပ်ငန်းများနှင့် စိုက်ပျိုးမွေးမြူရေး

မဟုတ်သော အသက်မွေးဝမ်းကျောင်း လုပ်ကိုင်နေကြသည့် မိသားစုဝင်များသည် ချေးငွေများ လွယ်ကူစွာ လိုအပ်သလောက်မရရှိနိုင်သဖြင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းမှ စီးပွားဖြစ် လုပ်ကိုင်ကြရန် အခွင့်အလမ်းများ နည်းပါးကြ ပါသည်။ ကျေးရွာတွင်းရှိ ငွေချေးသူများထံမှ (၅ - ၁၀) ရာခိုင်နှုန်းအထိ ချေးယူနေကြရပါသည်။ ထို့ကြောင့် အတိုးနှုန်းသက်သာသော ကာလရှည်ချေးငွေများ ရရှိရန် လိုလားကြပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် ကားမောင်းခြင်းလုပ်ငန်းများကို လုပ်ကိုင်နေသည့် အိမ်ထောင်စု အနည်းငယ်သာ ရှိပါသည်။ ကျေးရွာတွင် စက်ဘီး (၇)စီး၊ မော်တော်ဆိုင်ကယ်(၁၀၁)စီး၊ ထော်လာကျီ (၂) စီး၊ ကား(၁)စီး စသည် ဖြင့် သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အသုံးပြုနေကြရ ပါသည်။

ကျေးရွာတွင်းလမ်းနှင့်ချဉ်းကပ်လမ်းများသည် မြေသားလမ်းများဖြစ်ပြီး ကျေးရွာချင်းဆက်လမ်းသည် ကျောက်ခင်းလမ်း ဖြစ်ပါသည်။ လမ်းပန်းဆက်သွယ်ရေး အသင့်အတင့် ကောင်းမွန်သည့်အတွက် သွားလာရ အဆင်ပြေပါသည်။ မြေသားလမ်းများမှာ မိုးတွင်းကာလများတွင် လမ်းများပေါ်သို့ ရေကျော်ပြီး ဗွက်များ၊ ချိုင့်များဖြင့်သာ သွားလာရ အဆင်မပြေမှုများ ရှိနေပါသည်။

ကျားမြီးဆွဲကျေးရွာတွင် သစ်သားတံတား (၁) စင်းနှင့် ရေပြွန် (၁) စင်းရှိကာ တည်ဆောက်ခဲ့သော နှစ်များကြာမြင့်လာခြင်းကြောင့် ခိုင်ခံ့မှု မရှိတော့ဘဲ ပျက်စီးယိုယွင်းမှုများ ဖြစ်ပေါ်နေပါသဖြင့် မိုးတွင်းကာလများတွင် သွားလာရခက်ခဲမှုများ အမြဲကြုံတွေ့နေရသည့်အတွက် ပြုပြင်ရန် အထူးလိုအပ် နေပါသည်။ ၎င်းတံတားမှာ ကား/ထော်လာကျီများ၊ တန်ပိုယာဉ်များ၊ လှည်းများ ဖြတ်သန်း နေကြပါသည်။

(ခ) ကျေးရွာမီးလင်းရေး

ကျားမြီးဆွဲကျေးရွာတွင် မဟာဓါတ်အားလိုင်းအား ချိတ်ဆက်၍ လျှပ်စစ်မီး အသုံးပြုသည့် အိမ်တောင်စု (၃၆) ၊ ဆိုလာမီး အသုံးပြုသော အိမ်ထောင်စု (၁၅) စုနှင့် လျှပ်စစ်မီး အသုံးမပြုနိုင်၍ အခြား ဘဏ္ဍာရီ၊ ဖယောင်းတိုင် စသည် အသုံးပြုသော အိမ်ထောင်စု (၃၉)စု စသည်တို့ကို တွေ့ရှိရပါသည်။ ဆင်းရဲ၍ လျှပ်စစ်မီး အသုံးမပြုနိုင်သည့် အိမ်ထောင်စုများရှိ ကျောင်းသား/သူများ စာကြည့်ရာတွင်လည်း အခက်အခဲများ ရှိပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကဆွန်ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၁၅၇လုံး၊ ရေဒီယို (၈)လုံး၊ တီဗွီ (၈၅လုံး၊ ဂြိုလ်တုစလောင်း (၇၃)လုံး စသည်တို့မှ ရရှိသည့်အပြင် တယ်လီနော ဖုန်းတာဝါတိုင်များ ကျေးရွာအနီးနားတွင် မရှိသော်လည်း ဆက်သွယ်ရေးဆိုင်ရာ အခက်အခဲများ အထူးတလည် မရှိပါ။

၆။ ပညာရေး

ကျေးရွာရှိ အခြေခံပညာမူလန်းကျောင်းတွင် မူလအဆင့်ပညာရေးကို သင်ကြားနိုင်ပြီး အလယ်တန်း နှင့် အထက်တန်းပညာများကို ကျေးရွာနှင့် (၂)မိုင်ခန့်ဝေးကွာသော မိုင်းမော (အ.ထ.က)ကျောင်းနှင့် ကျေးရွာနှင့် ၅မိုင်ခန့် ဝေးကွာသော ကူမဲ(အ.ထ.က) ကျောင်းနှင့် မြစ်သား၊ ကျောက်ဆည်မြို့များရှိ အထက်တန်းကျောင်းများတွင်လည်း ဆက်လက်ပညာသင်ယူနေကြပါသည်။ တက္ကသိုလ်ကျောင်းသား ကျောင်းသူများလည်း (၂)ဦးသာ ရှိပါသည်။ မူလတန်းကျောင်းတွင် ကျောင်းဆောင်(၂)ဆောင် ရှိပါသည်။ လက်ရှိကျောင်းဆောင် (၁) ဆောင်မှာ တည်ဆောက်ခဲ့သော နှစ်များ ကြာမြင့်နေပြီဖြစ်သည့် အတွက် အမိုးများ ၊ ကြမ်းခင်းများ အနည်းငယ်ပျက်ဆီးနေခြင်းကြောင့် မိုးတွင်းကာလများတွင် မိုးယို စိမ့်သဖြင့် ကလေးများပညာသင်ကြားရေးတွင် အခက်အခဲ အနည်းငယ် ရှိနေပါသည်။ ထို့အပြင်

ကျောင်းသုံး ပရိဘောဂများ လုံလောက်မှု မရှိပါ။ ကလေးများ လုံခြုံစွာ ပညာသင်ကြားနိုင်ရန်အတွက် ပျက်စီးနေသော ကျောင်းခြံစည်းရိုးများလည်း ပြုပြင်ပေးရန် လိုအပ်နေပါသည်။

ကျေးရွာတွင် စာမတတ်သူ (၄)ဦး သာ တွေ့ရှိရပါသည်။ မူလတန်းအဆင့် စာတတ်မြောက်သည့် လူဦးရေမှာ(၄၅.၃၆)ရာခိုင်နှုန်းအထိ များပြားခြင်းနှင့် အလယ်တန်းအဆင့် စာတတ်မြောက်သူများမှာ (၄၈.၂၀) ရာခိုင်နှုန်း၊ အထက်တန်းအဆင့် စာတတ်မြောက်သူများမှာ (၄.၉)ရာခိုင်နှုန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်သူမှာ (၀.၅၂) ရာခိုင်နှုန်းတို့ ရှိခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူစွမ်းအား အရင်းမြစ်ကောင်းများ ဖြစ်ကြပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျားမြီးဆွဲကျေးရွာအတွက် ကျန်းမာရေးဝန်ဆောင်မှုများကို မိုင်းမောကျေးရွာရှိ ကျေးလက်ကျန်းမာရေးဆေးပေးခန်းမှ နှစ်စဉ်နှစ်တိုင်း လိုအပ်သည့် ကာကွယ်ဆေးများ ပုံမှန်လာရောက် ထိုးနှံပေးလျက်ရှိပြီး ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် ကျေးရွာရှိ ကလေးသူငယ်များအား ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေး လာရောက်ထိုးနှံပေးခဲ့ပါသည်။ ကျေးရွာသည် သာမန်ဖျားနာမှုများအတွက် မိုင်းမော တိုက်နယ်ဆေးရုံ၊ ကျေးလက်ဆေးပေးခန်းရှိသည့်အတွက် အလွယ်တကူ ကုသမှု ခံယူနိုင်ပြီး အရေးပေါ် လူနာများဖြစ်ပေါ်လျှင် ကူမဲ၊ မြစ်သား၊ ကျောက်ဆည်ဆေးရုံဆေးခန်းများသို့ သွားရောက် ကုသနိုင်ပြီး ကုတင်နှင့် ဆေးဝါးအလုံအလောက် ရှိပါသည်။ ကူမဲ၊ မြစ်သားနှင့် ကျောက်ဆည်မြို့များနှင့် အနည်းငယ် သာဝေးကွာသည့်အတွက် အလွယ်တကူ သွားလာနိုင်ခြင်းကြောင့် အရေးပေါ် အခြေအနေများတွင် မြို့ဆေးရုံများသို့ ပို့ဆောင်ပေးနိုင်ရန် ကျန်းမာရေးနှင့် ပတ်သက်သည့် အခက်အခဲ အနည်းငယ်သာ ရှိသည်ကို တွေ့ရှိရပါသည်။

ကျေးရွာတွင် သောက်သုံးရေများကို အဝီစိတွင်း အဝီစိတွင်း(တုံကင်)များ တူးဖော်၍ ရရှိသော်လည်း သောက်သုံး၍ မရဘဲ ချိုးရေသုံးရေသာ ရရှိသည့်အတွက် သောက်သုံးရေကို ဘုန်းကြီးကျောင်း

ဝန်းအတွင်းရှိ ရေကန်မှ ကျေးရွာရှိ အိမ်ထောင်စုများအားလုံး အဓိကထား အသုံးပြုကြပါသည်။ ကျေးရွာရှိ အိမ်ထောင်စုအားလုံးသည် သန့်ရှင်းသောယင်လုံအိမ်သာများ အသုံးပြု သည်ကို တွေ့ရှိရပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ကျားမြီးဆွဲကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသော အိမ်ထောင်စုများ ၊ လက်လုပ် လက်စား ကျပန်းများ လုပ်ကိုင်သည့် အိမ်ထောင်စုများ အနည်းငယ်ရှိသဖြင့် ၎င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများတွေ့ပါက အခြား အိမ်ထောင်စုများထက်ပို၍ ထိခိုက်ခံစားရ လွယ်ကူပါ သည်။

ကျားမြီးဆွဲကျေးရွာ၏ သဘာဝဆေးဖက်ဝင် အပင်များ အနည်းငယ်ရရှိပါသည်။ ရာသီအကူး ပြောင်း ရာသီများတွင် သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါများ ကူးစက်ခံရသူ အနည်းငယ်ရှိပြီး တဘီရောဂါ ဖြစ်ပွားသည့် လူနာ အနည်းငယ်ရှိပြီး သွေးတိုးနှင့် ဆီးချိုရောဂါ ဖြစ်ပါပွားသည့် လူနာ အများအပြား ရှိသည်ကို တွေ့ရှိရပါသည်။ တိရိစ္ဆာန်များသည် ရာသီကူးပြောင်းမှုများတွင် ဖြစ်ပေါ်သော ခွာနာ၊ လျှာနာရောဂါနှင့် ကြက်၊ ဝက်တုပ်ကွေးရောဂါများ ဖြစ်ပွားမှု အနည်းငယ် ရှိပါသည်။

၉။ ကျား – မရေးရာ ကိစ္စရပ်ဆိုင်ရာ

ကျားမြီးဆွဲကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုနှင့် ကျေရွာဖွံ့ဖြိုးမှုလုပ်ဆောင်သည့် လုပ်ငန်းအပိုင်းတွင် အမျိုးသမီးများ ဦးဆောင်ပါဝင်မှု မရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။ အမျိုးသမီး အကြမ်းဖက်မှု မရှိသော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာ အသိပညာပေးများ အားနည်း ကြပါသည်။

၁၀. ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် – ခရူတုပ်			ကျေးရွာအမည် – ကျားမြီးဆွဲ	
စဉ်	ကဏ္ဍ	စီမံချက်ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
၁	အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး	အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး	အဖွဲ့ငယ်များအား စီမံခန့်ခွဲမှု ၊ စာရင်းကိုင် စသည့် သင်တန်းများ စီစဉ် ဆောင်ရွက်ခြင်း။	
၂	စိုက်ပျိုးရေး	နည်းပညာ	မျိုးကောင်းမျိုးသန့် ထုတ်လုပ်နည်းသင်တန်းများ ဆောင်ရွက်ခြင်း။	
၃	စိုက်ပျိုးရေး	နည်းပညာ	မြေလွှာ ပြုပြင်ထိန်းသိမ်းနည်း သင်တန်းများ စီစဉ်ခြင်း။	
၄	စိုက်ပျိုးရေး	နည်းပညာ	ပိုးမွှားရောဂါကာကွယ် နှိမ်နင်းရေးနည်းပညာသင်တန်း ဟောပြောပွဲများ စီစဉ်ဆောင်ရွက်ခြင်း။	
၅	မွေးမြူရေးနှင့် ငါး လုပ်ငန်း မွေးမြူရေး ဆေးပညာ	တိရိစ္ဆာန်မွေးမြူရေး	မြို့နယ်မွေး/ကု ဌာနနှင့် ချိတ်ဆက်၍ စီးပွားဖြစ် မွေးမြူနည်းသင်တန်း များနှင့် ဝန်ဆောင်မှုများ ရရှိရန် ချိတ်ဆက်ခြင်း	
၆	ငွေကြေး	အသေးစား	အသက်မွေးဝမ်းကျောင်းလုပ်ငန်းပေါ်မူတည်၍ အတိုးနှုန်းနည်းပြီး ကာလရှည်ထုတ်ချေးပေးနိုင်မည့် ချေးငွေနေရာများနှင့် ချိတ်ဆက်ခြင်း	
၇	ငွေကြေး	ရပ်ရွာအခြေပြု	မြစိမ်းရောင်ချေးငွေစီမံကိန်း ရရှိအောင် ချိတ်ဆက်ခြင်း	
၈	ပညာရေး	ကျောင်းအဆောက်အ	စာသင်ကျောင်းဆောင်သစ် တစ်ဆောင် တည်ဆောက်ခြင်း၊	

		ဦ ၊ပရိဘောဂ၊ သင်ထောက်ကူ	ဆရာ/မများအတွက် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း၊ စာသင်ကျောင်း ခြံစည်းရိုးကာရံခြင်း၊	
၉	ရေနှင့် ကျန်းမာသန့်ရှင်းရေး	သောက်သုံးရေ ဆေးပေးခန်း	ကျေးရွာ အများသုံး သောက်သုံးရေကန်ပြုပြင်တည်ဆောက်ခြင်း၊ ကျေးလက်ကျန်းမာရေး ဆေးပေးခန်း တည်ဆောက်ခြင်း	
၉	အခြေခံ အဆောက်အဦ	ကျေးလက်လမ်း၊ တံတား	ကျေးရွာတွင်းလမ်း၊ ကျေးရွာချင်းဆက်နှင့် ချဉ်းကပ်လမ်းများ အဆင့်မြှင့်တင်ခြင်း၊	
၁၀	အခြေခံ အဆောက်အဦ	ကျေးလက်လမ်း၊ တံတား	ကျေးရွာအဝင် သစ်သားတံတားနှင့် ရေပြွန်များ ပြုပြင်တည်ဆောက်ခြင်း၊	
၁၁	လူငယ်နှင့်အားကစား	အားကစား	ဘောလုံးအားကစားကွင်းတည်ဆောက်ခြင်း	

ကျားမြီးဆွဲကျေးရွာ၊ ခရုတုပ်ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးကိုဦး	ဦးကျော်လွင်	၉/မသန(နိုင်) ၀၉၈၀၃၃	၄၇	ဥက္ကဋ္ဌ	၀၉ - ၄၀၂၅၃၇၀၀၁
၂	ဦးအောင်ဝင်း	ဦးစံမြို့	၉/မသန(နိုင်) ၁၃၇၉၄၁	၂၆	အတွင်းရေးမှူး	၀၉ - ၉၆၃၈၁၂၄၁
၃	ဦးဌေးလွင်	ဦးပိုစိုး	၉/မသန(နိုင်) ၀၇၇၆၀၉	၅၁	ဘဏ္ဍာရေးမှူး	၀၉ - ၇၈၈၇၆၄၁၈
၄	ဦးဆန်းထွန်း	ဦးခင်မောင်	၉/မသန(နိုင်) ၁၁၉၅၇၇	၃၆	စာရင်းကိုင်	၀၉ - ၆၈၄၁၄၃၉၂၀
၅	ဦးဘိုလှိုင်	ဦးအုန်းမောင်	၉/မသန(နိုင်) ၀၄၉၅၈၅	၅၂	သော့ကိုင်(၁)	-
၆	ဦးအောင်ဆန်းထွန်း	ဦးဘိုလှိုင်	၉/မသန(နိုင်) ၁၃၄၂၇၅	၃၂	သော့ကိုင်(၂)	-
၇	ဦးသိန်းဟံ	ဦးထွန်းမောင်	၉/မသန(နိုင်) ၀၄၉၄၇၀	၅၆	အဖွဲ့ဝင်	-
၈	ဦးဝင်းတင်	ဦးသိန်း	၉/မသန(နိုင်) ၀၄၉၆၂၀	၅၂	အဖွဲ့ဝင်	၀၉ - ၇၉၄၉၆၀၇၀၄
၉	ဦးညွန့်ဝင်း	ဦးကံချွန်	၉/မသန(နိုင်) ၁၀၈၃၉၀	၃၇	အဖွဲ့ဝင်	-
၁၀	ဒေါ်ကြည်ဌေး	ဦးကျော်သန်း	၉/မသန(နိုင်) ၁၁၉၅၅၀	၄၂	အဖွဲ့ဝင်	-
၁၁	ဒေါ်လဲ့လဲ့ဝင်း	ဦးဝင်းတင်	၉/မသန(နိုင်) ၁၅၃၀၃၂	၂၃	အဖွဲ့ဝင်	-
၁၂	ဒေါ်အေးသီတာ	ဦးဝင်းဇော်	-	၂၂	အဖွဲ့ဝင်	-
၁၃	ဒေါ်ဇာနည်လင်း	ဦးဝင်း	၉/မသန(နိုင်)	၂၁	အဖွဲ့ဝင်	-
၁၄	ဦးကျော်လင်း	ဦးငွေသန်း	၉/မသန(နိုင်) ၁၁၉၆၁၅	၄၂	အဖွဲ့ဝင်	-
၁၅	ဦးမြင့်သိန်း	ဦးရွှေ	၉/မသန(နိုင်) ၀၄၉၅၆၄	၅၁	အဖွဲ့ဝင်	-

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၂	၃	၅
၁ နှစ်မှ ၄ နှစ်	၅နှစ်အောက်ကလေးငယ်	၁၂	၁၀	၂၂
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၁၂	၂၀	၃၂
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၁၉	၁၇	၃၆
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၁၅၂	၁၅၁	၃၀၃
၆၅ နှစ်နှင့် အထက်	သက်ကြီးရွယ်ကြီး	၈	၉	၁၇
စုစုပေါင်း		၂၀၅	၂၁၀	၄၁၅
စုစုပေါင်း အိမ်ထောင်စု				၉၀

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊၁နှစ်မှ၄နှစ် ဆိုသည်မှာ အသက်(၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ် ဆိုသည်မှာ အသက် (၅)နှစ်ပြည့် သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ် ၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက်အသက်ကြီး သည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ကျားမြီးဆွဲကျေးရွာတွင် အိမ်ထောင်စု (၉၀)စု၊ လူဦးရေ(၄၁၅) ဦး ရှိပါသည်။ ကျားမြီးဆွဲ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ် (၁.၂%)၊ ၅နှစ်အောက် ကလေးငယ်အရွယ် (၅.၃%)၊ မူလတန်းကျောင်းသားအရွယ် (၇.၇၁%)၊ အလယ်တန်းကျောင်းသားအရွယ်(၈.၆၇%)၊ အလုပ်လုပ်နိုင်သည့်အရွယ်

(၇၃.၀၁%) ၊ သက်ကြီးရွယ်ကြီးအရွယ် (၄.၁%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိ လူဦးရေ၏ (၂၆.၉၉%)ရှိပြီး အလုပ်လုပ်နိုင်သည့် အရွယ် ကျား(၁၅၂၄)ဦး၊ မ (၁၅၁၁)ဦး စုစုပေါင်း (၃၀၃)ဦး ရှိပြီး တစ်ရွာလုံးလူဦးရေ၏ (၇၃.၀၁%) ရှိပါသည်။ ထို့ကြောင့် ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် လူသားအရင်းအမြစ်ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့မှုပေးနိုင် ပါသည်။

(ခ)အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁)လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၅၀	၄၅		မြင့် လတ်√ နိမ့်
	အလုပ်သမား / ဝန်ထမ်း				မြင့် လတ် နိမ့်
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း				မြင့် လတ် နိမ့်
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း				မြင့်လတ်နိမ့်
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်လတ်နိမ့်

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း				မြင့်လတ်နိမ့်
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း				မြင့်လတ်နိမ့်
၆	ထုတ်ကုန်လုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း				မြင့်လတ်နိမ့်
၇	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း				မြင့်လတ်နိမ့်
၈	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း				မြင့် လတ် နိမ့်
၉	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း				မြင့် လတ် နိမ့်
၁၀	ကျွမ်းကျင်ပညာရှင်များ (ဆရာပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း				မြင့်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း				မြင့် လတ် နိမ့်
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း				မြင့်လတ် နိမ့်
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း				မြင့်လတ်နိမ့်
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း				မြင့်လတ်နိမ့်
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း				မြင့်လတ်နိမ့်
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း				မြင့်လတ်နိမ့်
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း				မြင့်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း				မြင့်လတ် နိမ့်
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း				မြင့်လတ် နိမ့်
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း				မြင့်လတ်နိမ့်
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း				မြင့်လတ်နိမ့်
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၄၀			
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်လတ်နိမ့်

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
	စုစုပေါင်း	၁၂၉	၂၁	၂၁	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျားမြီးဆွဲကျေးရွာသည် စိုက်ပျိုးရေးနှင့် အရောင်းအဝယ်ကို အဓိကအားထား လုပ်ကိုင်သော ကျေးရွာဖြစ်ပြီး အခြားလုပ်ငန်းများမှာ မွေးမြူရေး၊ ပန်းရံ၊ လက်သမား၊ အပ်ချုပ်၊ လက်လီ၊လက်ကား ရောင်းဝယ်ရေး ဆိုင်များ၊ ယာဉ်၊ စက်ကိရိယာ လုပ်ကိုင်သူများလည်း အနည်းငယ်ရှိပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန္ဓနိုးထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန္ဓနိုးထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၄၀၀၀	၄၀၀၀	၃၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၇၀၀၀	၅၀၀၀	၅၀၀၀	၅၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	–	–	–	–
၈	လက်လီ–လက်ကား ရောင်းဝယ်ရေး	နေ့စား	–	–	–	–
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	–	–	–	–
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	–	–	–	–

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ ကျားမြီးဆွဲကျေးရွာရှိ နေ့စားလုပ်သားများမှာ တစ်နေ့လျှင် ပုတ်ပြုတ်ဖြင့်လုပ်ကိုင်ရသော လုပ်ငန်းဖြစ်ပြီး ယာဉ်စက်ကိယာပြုပြင်ခြင်း၊ အပ်ချုပ်ခြင်း၊ လက်လီ လက်ကားရောင်းဝယ်ရေး စသော လုပ်ငန်းများတွင် ပုံမှန်ဝင်ငွေ ရရှိမှု မရှိပါ။ ဝင်ငွေခြားနားရခြင်းမှာ လုပ်ငန်းကျွမ်းကျင်မှု ပေါ်မူတည်ပြီး ကျား၊ မ ဝင်ငွေ ကွာခြားရခြင်းမှာ လည်း အားစိုက်ထုတ်မှုအပေါ် မူတည်ပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ–၁) စိုက်ပျိုးနိုင်သော မြေရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး (မှန်ရာတစ်ခုကိုသာရွေးရန်)
လယ်မြေ	၃၅၀.၅	ကောင်း☐ သင့် √ ညံ့ ☐
ယာမြေ / တောင်ယာမြေ		ကောင်း ☐ သင့်☐ ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐ သင့် ☐ ညံ့ ☐
ကိုင်း/ ကျွန်းမြေ		ကောင်း ☐ သင့်☐ ညံ့ ☐
ခနိတောမြေ		ကောင်း ☐ သင့်☐ ညံ့ ☐
စားကျက်မြေ		ကောင်း ☐ သင့်☐ ညံ့ ☐
မြေလွတ်မြေလပ်		ကောင်း ☐ သင့်☐ ညံ့ ☐
စုစုပေါင်း	၃၅၀.၅	☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့်မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျားမြီးဆွဲကျေးရွာတွင် စိုက်ပျိုးနိုင်သည့် လယ်ယာမြေများရှိသော်လည်း တောင်သူများသဘာဝ မြေဆီဩဇာများသုံးစွဲမှု အသိပညာအားနည်းခြင်းကြောင့် သွင်းအားစုသုံးစွဲမှု မမျှတခြင်းကြောင့် မြေဆီဩဇာတဖြည်းဖြည်း လျော့နည်းလာသည်ကို တွေ့ရှိရပါသည်။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ သင့် နည်း မရှိ√	လွယ်ခက် အသုံးမပြုနိုင်ပါ
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ သင့် နည်း မရှိ√	လွယ်ခက်အသုံးမပြုနိုင်ပါ
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ သင့် နည်း√ မရှိ	လွယ် ခက် √ အသုံးမပြုနိုင်ပါ
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ သင့် နည်း မရှိ√	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျားမြီးဆွဲကျေးရွာ၏ အနီးနားတွင် သတ္တုနှင့် အခြားတွင်းထွက် သယံဇာတများ၊ သဲ၊ ကျောက်များနှင့် သဘာဝတိရိစ္ဆာန်များ မတွေ့ရှိရပါ။နွားစာနှင့် သဘာဝဆေးဖက်ဝင်အပင်များ အနည်းငယ်သာ တွေ့ရှိပြီး အသုံးပြုရန် ခက်ခဲပါသည်။

(ဃ)ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသော အိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကောင်း	ညံ့	အလွန်ညံ့

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသော အိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၁၀	၁၀	၂၆	၄၄

ရင်းမြစ်... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ကျားမြီးဆွဲကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စု အနည်းငယ်သာရှိပြီး ကိုယ်ပိုင်စိုက်ပျိုးရေးနှင့် အိမ်ဆိုင်လုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ မပြေလည်သော အိမ်ထောင်စုများသည် စိုက်ပျိုးရေး၊ သယ်ယူပို့ဆောင်ရေး လုပ်ငန်းနှင့် ပန်းရံ ၊ လက်သမား လုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြပါသည်။ အလွန်မပြေလည်သော အိမ်ထောင်စုများသည် ကောက်စိုက်၊ ပျိုးနှုတ် ရာသီအလိုက် ကြုံရာကျပန်းလုပ်ငန်းများဖြင့် အသက်မွေးလုပ်ငန်း လုပ်ကိုင်ကြပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
		လုပ်အားခကြိုယူ = ၀
၃လနှင့်ဖြလကြား၀မ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
ဖြလမှ၁၂လအထိ၀မ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်			
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု			
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု			

အကြောင်းအရာ	ကျား	မ	ပေါင်း
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ဖြစ်နှစ်အထက် သက်ကြီးရွယ်အိုများရှိသော်လည်း မိသားစုစောင့်ရှောက်မှု ရှိပါသည်။ ဆင်းရဲ၍ မိသားစု များဦးရေများပြားသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စုနှင့် အခြားဒေသသို့ ကြာမြင့်စွာ သွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသော အိမ်ထောင်စု စသည်တို့ မရှိပါ။ သဘာဝဘေးတစ်ခုခု ပေါ်ပေါက်ခဲ့လျှင် ဆင်းရဲ၍ ဝင်ငွေနည်းသော အိမ်ထောင်စုများသည် အခြားမိသားစုများထက် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သည်ကို တွေ့ရှိရပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
၁	စားနပ်ရိက္ခာမဖူလုံမှု	မြင့်လတ် √ နိမ့် မရှိ
၂	သဘာဝရင်းမြစ်ရှားပါးမှု (မြေ၊စိုက်ပျိုးရေ)	မြင့် လတ် နိမ့်√ မရှိ
၃	ရေကြီးခြင်း	မြင့်လတ် နိမ့် မရှိ √
၄	မိုးခေါင်ခြင်း	မြင့် လတ် √ နိမ့် မရှိ
၅	အအေးလွန်ကဲခြင်း	မြင့် လတ် နိမ့် မရှိ √
၆	မုန်တိုင်း	မြင့် လတ် နိမ့် √ မရှိ
၇	ငလျင်	မြင့် လတ် နိမ့် √ မရှိ
၈	မီးဘေး	မြင့် လတ် နိမ့် မရှိ √
၉	ဆားငန်ရေဝင်မြေ	မြင့် လတ် နိမ့် မရှိ√
၁၀	မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု	မြင့် လတ် နိမ့် မရှိ√
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် လတ် နိမ့်√ မရှိ
၁၂	၄င်္ဂါဖျားရောဂါ	မြင့် လတ် နိမ့် မရှိ√

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
၁၃	တီဘီရောဂါ	မြင့် လတ် နိမ့် မရှိ√
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် လတ်နိမ့် မရှိ √
၁၅	ပြည်တွင်းပဋိပက္ခ	မြင့်လတ် နိမ့် မရှိ√
၁၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	မြင့် လတ်√ နိမ့် မရှိ
၁၇	လူကုန်ကူးခြင်း	မြင့် လတ် နိမ့် မရှိ√
၁၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည်	မြင့် လတ် √ နိမ့် မရှိ

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း စသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက် သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။

အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် - နိမ့်

အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု - လတ်

အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် - မြင့်)

လေ့လာတွေ့ရှိချက်။ ။ ကျားမြီးဆွဲကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို ကင်းတားဆည်ရေဖြင့်သာ အဓိကထား လုပ်ကိုင်ခြင်းကြောင့် စိုက်ပျိုးရေ အခက်အခဲ အနည်းငယ်သာ ရှိပါသည်။ မိုးခေါင်ခြင်း၊ မိုးများ၍ ရေကြီးခြင်း စသည့် အခြေအနေများ ဖြစ်ပေါ်လျှင် ဆင်းရဲသော မိသားစုများ ထိခိုက်မှု ရှိနိုင်ပါသည်။ ကျေးရွာသည် လျှပ်စစ်မီးရရှိခြင်းကြောင့် မီးဘေးအန္တရာယ် ကြုံတွေ့ရလျှင် ထိခိုက်နိုင်မှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ တီဘီရောဂါ အနည်းငယ် ဖြစ်ပွားသည်ကို တွေ့ရှိရပါသည်။

(c-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	လူငယ်	မြင့်□လတ်√ နိမ့် □□□ မရှိ□
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု	မြင့်□လတ် √ နိမ့် □□□ မရှိ□
၃	မြေယာမဲ့၊ဆင်းရဲသားတောင်သူ	မြင့်□လတ် √ နိမ့် □□□မရှိ□
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ	မြင့်□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ √
၅	မြစ်ကမ်းဘေးနေထိုင်သူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့် □□□ မရှိ √
၆	မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ(Prone to accident)တွင်နေထိုင်သူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ√
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ(IDP)	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ√
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့် မရှိ √
၉	ငါးကန်ပိုင်ရှင်များ	မြင့်□□□□□□□လတ်□□□နိမ့် □□□ မရှိ√
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ	မြင့်□□□ လတ်√ နိမ့်□□□□□□□မရှိ□□
၁၁	လူနည်းစုလူမျိုးများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ√
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ √
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ √
၁၄	ရွှေတွင်းလုပ်သားများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ √
၁၅	ဆေးစွဲသူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ√
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ√
၁၇	လှည့်လည်သွားလာ၍ဈေးရောင်းသူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့် □□□ မရှိ√
၁၈	နေရပ်ပြန်အခြေချသူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့် □□□မရှိ√

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့်□□□□□□□လတ်□□□□□□□နိမ့် □□□ မရှိ√
၂၀	ကားမောင်းပြီးအသက်မွေးသူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့် □□□မရှိ√

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။။။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ ကျားမြီးဆွဲကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုများနှင့် လက်လုပ်လက်စား ကျပန်းလုပ်ကိုင်သည့် အိမ်ထောင်စုများ အများအပြားရှိသဖြင့် သဘာဝဘေးနှင့် စားနပ်ရိက္ခာ မဖူလုံသည့် အခြေအနေများ ကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက်ပို၍ ထိခိုက်ခံစားလွယ်နိုင်ပါသည်။ ရွှေ့ပြောင်းသွားလာလုပ်သားများမှာ မိမိတို့နေရပ်တွင် အသက်မွေးဝမ်းကျောင်းလုပ်ကိုင်ရန်အတွက် အခွင့်အလမ်း နည်းပါးခြင်း၊ အသက်မွေးမှု ပညာအားနည်းခြင်းတို့ကြောင့် ရွှေ့ပြောင်းသွားလာနေထိုင်သည့် အိမ်ထောင်စု အနည်းငယ်ရှိသည်ကို တွေ့ရှိရပါသည်။

(၂)ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က)ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁)ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	ဂေါပက	၁ □ ၂ □ ၃ √	၅		၅	ပညာရေး□□ ငွေကြေး□□ ကျန်းမာရေး ဘာသာရေး√	ကောင်း□□ သင့်√ ညံ့□□

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
						စိုက်ပျိုးမွေးမြူရေး သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ လုံခြုံရေးနှင့် ကာကွယ်ရေး	
၂	မြို့မေတ္တာရှင်လူမှုကူညီရေးအသင်း	၁ ၂ √ ၃	၁၀	၅	၁၅	ပညာရေး ကျန်းမာရေး စိုက်ပျိုးမွေးမြူရေး သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/√ လုံခြုံရေးနှင့် ကာကွယ်ရေး	ကောင်း သင့်√ ညံ့
၃	ကျောင်းအကျိုးတော်ဆောင်ကော်မတီ	၁ ၂ √ ၃	၈		၈	ပညာရေး√ ကျန်းမာရေး စိုက်ပျိုးမွေးမြူရေး သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ လုံခြုံရေးနှင့် ကာကွယ်ရေး	ကောင်း သင့်√ ညံ့
၄	ဓမ္မစကြာအသင်း	၁ ၂ ၃ √				ပညာရေး√ ကျန်းမာရေး စိုက်ပျိုးမွေးမြူရေး သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ လုံခြုံရေးနှင့် ကာကွယ်ရေး	ကောင်း√ သင့် ညံ့

